www.facebook.com/themyawadydaily

၁၉၈၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေသည်။

# မိုးသောက်ပန်း ဂျာနယ်

၂၀၁၆ ခုနှစ်၊ ဂျူလိုင်လ(၅)ရက် (အင်္ဂါနေ့)
အတွဲ(၁၉)၊ အမှတ်(၄၆)

ဤဂျာနယ်သည်

______________________
______________________
______________________

၏ဂျာနယ်ဖြစ်ပါသည်။




R-642 Designed By Aung Khant

စာမျက်နှာ (၂) သို့ ➡

* အပြစ်ဒဏ်မရှိသောသူ၊ မပြစ်မှားထိုက်သောသူတို့ကို တုတ်၊ လှံတံ စသည်ဖြင့် ပြစ်မှား ကျူးလွန်သောသူသည် ဒုက္ခရောက်ကြောင်း ဒဏ်ဆယ်ပါးတို့တွင် တစ်ပါးပါးသို့ အမြန်ရောက်တတ်၏။

* He who inflicts violence on those who are unarmed, and offends those who are inoffensive, will soon come upon one of these ten states:

## မိုးသောက်ပန်းဂျာနယ်၏ ဓမ္မလက်ဆောင်

* မစင်အပြည့်ရှိ၍ ကျဉ်းမြောင်းသောနေရာ၌ နေရခြင်းသည် ဆင်းရဲ၏။

* မိမိကိုမချစ်ခင်သော ရန်သူ့လက်တွင်း၌ နေရခြင်းသည် ဆင်းရဲ၏။

* ပြုခဲ့ဖူးသော သူ့ကျေးဇူးကိုမသိတတ်သောသူနှင့် အတူနေရခြင်းသည် ထို့ထက်ပို၍ ဆင်းရဲ၏။

လောကနီတိ

မြဝတီစာပေတိုက်၊ အမှတ် (၁၅) တပ်မြေ၊ မိုးကောင်းလမ်း၊ ၁၅ ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၃၀၃၆၇၅၆၂(စာတည်း)၊ ၀၉ ၇၃၀၇၂၀၄၄(စီမံ)၊ ၀၉ ၃၂၄၉၈၇၂၄(ဖြန့်ချိရေး)

www.facebook.com/themyawadydaily

➡ ရှေ့ဖုံးမှအဆက်




ရန်ကုန်ရုံးခွဲ၊ အမှတ် (၁၈၁)၊ ၃၂လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ။ ဖုန်း - ၀၉ ၃၂၄၉၈၇၁၄


SHE FEELS SLEEPY WHILE SHE IS SITTING. IT MIGHT BE SHE DID NOT GET SOUND SLEEP LAST NIGHT.
SHE CAN NOT MAINTAIN THE SITTING POSITION ANY LONGER.LEAN ON THE CHAIR AND TAKE A NAP.
Z z z...
PHWE OOT SUDDENLY WAKES UP FROM HER DEEP SLEEP. SHE HEARD THE VOICES OF FATHER AND MOTHER.
IT SEEMS AS A DREAM. BUT IT IS NOT.
"YOU ARE THICK HEADED MY DAUGHTER. LUCKILY MI NI INFORMED US. I KEEPS ON CRYING DAUGHTER. I AM ALMOST HEART-BROKEN."
"TRACES OF TEAR CAN BE SEEN ON MOTHER'S CHEEK. PHWE OOT'S EYES ARE FULL OF TEARS."
"BOTH MOTHER AND FATHER DO NOT LOVE ME."
MOTHER CAN NOT BEAR THE WORDS. SHE TALKS A LOT WHILE SOBBING HER HEART OUT.
"I CARRY YOU IN MY WOMB FOR NINE MONTHS AND GAVE BIRTH ON THE TENTH MONTH. YOU ARE MY OFFSPRING INDEED. HOW COME I DON'T LOVE YOU MY DAUGHTER? YOU MISINTERPRETED THAT I DO NOT LOVE YOU AND BEAT. ACTUALLY IT IS FOR YOUR SAKE DEAR."
PHWE OOT REALIZED THAT HER PARENTS FELT VERY SORRY BECAUSE SHE RAN AWAY FROM HOME. IF PHWE OOT IS IN A DANGER, THEY MIGHT BE HEART-BROKEN.
"PARENTS LOVE THEIR CHILDREN UNCONDITIONALLY. IT CAN NOT BE COMPARED."
"I UNDERSTAND FATHER AND MOTHER."

www.facebook.com/themyawadydaily



**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |



## စုံး

* စလုံး တစ်ချောင်းငင် သေးသေးတင်
ဝစ္စပေါက်စုံး ကျုံးထဲတွင်
ရေကူးသင်တဲ့ ရေငုပ်သမား
စုံးစုံးမြုပ်လို့သွားတယ်လေး။

# ဖတ်စရာ၊ မှတ်စရာ သတ်ပုံကဗျာ

ရေနံ့သာမောင်ကျော်ညွန့်

## စုန်း

* စလုံး တစ်ချောင်းငင် နသတ်ဝစ္စပေါက် စုန်း
ပြုစားတတ်တဲ့စုန်း။
ပိုးစုန်းကြူးလေး လင်းရတာ
မီးစုန်းဓာတ်ကြောင့်ပါ၊
လူထဲမှာ လူ့စုန်းပြူး
ပဲစေ့စုန်းပြူး နူးပါဘူး။




စာတည်းမှူးချုပ်
ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး က
ပုံနှိပ်သူ မှတ်ပုံတင်အမှတ်
(၀၀၆၅၆) ဖြင့် ပုံနှိပ်၍ ထုတ်ဝေသူ
မှတ်ပုံတင်အမှတ်(၀၀၈၁၄)ဖြင့်
ဖြန့်ချိထုတ်ဝေသည်။

| | |
|---|---|
| စာတည်းမှူးချုပ် | ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး |
| ဒုတိယစာတည်းမှူးချုပ် | (ဗိုလ်မှူး)ဗိုလ်ကြီးလှိုင်ဘွား |
| စာတည်းမှူး | ဗိုလ်မှူးဇော်မင်းသန်း |
| တာဝန်ခံစာတည်း | ဗိုလ်မှူးဇော်မင်းသန်း |
| လက်ထောက်စာတည်း | ဒေါ်ခင်ဌေးဦး၊ ဒေါ်သန္တာဝင်း |
| မျက်နှာဖုံးဒီဇိုင်း | Aung Khant |
| စာစီနှင့်ဒီဇိုင်း | ဖွားကောက် |
| အတွင်းဒီဇိုင်း | ထိုက်သန္တာ |
| စာပြင် | အိအိလွင် |




# တစ်မိုးသစ်ချိန်

တောစပယ်တွေ ဖူးငုံလှစ်
ကြိုင်လှိုင်မွှေးမြ တစ်မိုးသစ်။

သံဝါထစ်ချုန်း လျှပ်ရဲဖြာ
ငွေရည်ငွေစက် သွန်းဖြိုးရွာ။

သည်မြေကမ္ဘာ လန်းဖြာအေး
ဖားသူငယ်တွေ တေးသီကြွေး။

ခေါင်းလောင်းသံပေး ကျောင်းတော်ဝယ်
စာအံသံတို့ ညံပြီကွယ်။

ဟိုကွင်းပြင်ကျယ် ရေဖွေးဖွေး
လယ်သမားတွေ အားသစ်မွေး
ထွန်ရေးငင်ပြီလေး။ ။

တိုးဝေ

မော် တီ ကာ

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၅) ရက် အတွဲ (၁၉)၊ အမှတ် (၄၆)


| | | |
|---|---|---|
| **ကဗျာ** | | |
| တစ်မိုးသစ်ချိန် | တိုးဝေ | ၄ |
| **ရုပ်ပြကာတွန်း** | | |
| မိဘမေတ္တာ | အောင်အောင်ထွေး | ၁ |
| အိပ်မက်ဆိုး | ပါဝါ | ၅ |
| ဖိုးကဲစိန်နှင့်လေးလေးပါနောက် | ကိုငယ် | ၁၅ |
| လှိုင်းနဲ့ရေ | ရန်ကြီးအောင် | ၁၈ |
| **ကလေးတို့အတွက် သုတ၊ ရသကဏ္ဍ** | | |
| ဖတ်စရာ၊ မှတ်စရာ သတ်ပုံကဗျာ | ရေနံ့သာမောင်ကျော်ညွန့် | ၄ |
| ထူးဆန်းထွေလာ တိရစ္ဆာန်တို့ကမ္ဘာ | ဇော်တေဇ | ၁၃ |
| စိတ်ထားအလှ ကောင်းကျိုးရ | ဦးငယ် | ၁၀ |
| မိမိဝန်းကျင်မှ သစ်သီးဝလံများ | မေပြည့်စုံ | ၁၄ |
| ကလေးတို့အတွက် ပုံပြအဘိဓာန် | ရွှေဝါဦး | ၁၄ |
| ကွက်လပ်ဖြည့်ရင်း လေ့လာကြမယ် | ခင်(ရုက္ခ) | ၁၇ |
| အထွေထွေ ဗဟုသုတ | ထက်ဘုန်း | ၂၀ |
| **ဗဟုသုတဖြစ်ဖွယ် မြန်မာစကားလုံးများကဏ္ဍ** | | |
| မြန်မာပန်းစကားများ သုံးစွဲတတ်စေရန် | ရွှေအိ | ၁၁ |
| **ဉာဏ်စွမ်းရည်** | | |
| မိုးသောက်ပန်းဆုဒိုခုပြိုင်ပွဲအမှတ်စဉ်(၃၉၄) | MOE | ၉ |


နိုင်ငံသားအားလုံးသည် နိုင်ငံတော်ကာကွယ်ရေးအတွက် တာဝန်ရှိသည်။

www.facebook.com/themyawadydaily


ကာတွန်း ပါဝါ
အိပ်မက်ဆိုး
NIGHTMARE
CARTOON : POWER
TR : TRIPLE A
"COME HERE, COME"
"I SHALL GO FOR FISHING."
"HMM PHOE KYAUT!"
"NOW I AM FISHING."
"I SHALL PULL THE LINE."
"SOMETHING HAS BEEN CAUGHT."
"HMM IT IS A BIG CAT."
"OF COURSE, ITS ME."
"DO NOT RUN. COME HERE."
"OVER SPEED."
"BWUNG!"

www.facebook.com/themyawadydaily






www.facebook.com/themyawadydaily


ဘယ်ရောက်သွားတာလဲ
"WHERE IS HE?"
ရေနဂါးလေးတွေ
"LITTLE SEA HORSES."
ဒီကောင်လေးတွေ ချစ်စရာကောင်းတယ်
"THEY ARE CUTE."
ဟင် ငါးကြွက် ပါလား
"HMM HE IS NGA KYAUT."
ကြိုးကွင်းနဲ့ဖမ်းမှ
"I SHALL CATCH HIM WITH A LOOP."
ကဲ..မိပြီကွ
"NOW YOU ARE CAUGHT!"
ကဲ..ပြေးအုံးလေ
"RUN FOR YOUR LIFE."
ဒါကဘာလဲကြည့်ပါအုံး
"SEE, WHAT IS THIS?"
ဟင်..မျှားကြိုး
"HMM FISHING LINE."
သူကိုင်ထားတုန်း မျှားကြိုးကိုဆွဲ လိုက်မယ်...
"I SHALL PULL THE STRING WHILE HE IS HOLDING."
လွတ်ပြီကွ
"I AM FREE."
ဟား ဟား ဟား
"HA HA HA!"
ငါလာပြီဟေ့
"I AM COMING."


နောက်မှာ..နောက်မှာ
"SOMETHING IS BEHIND YOU."
ဟိုက..သေပြီ
"HMM I AM DYING."
အမြန်ပြေးမှ
"RUN FASTER."
ငါ့ကိုမိတော့မယ်
"I AM ALMOST CAUGHT."
ငါပြေးလို့မလွတ်တော့ဘူး
"I CAN NOT ESCAPE."
အိုး
"EEEE..."
မင်းငါ့လက်ကမလွတ်ပါဘူးကွာ
"YOU CAN NOT ESCAPE FROM ME."
အား..ငါ့ကို ကယ်ကြပါ
"ARRR PLEASE HELP ME!"
ဟော..မင်းသတိရလာပြီ
"YOU REGAIN CONSCIOUSNESS."
ဝေါ့!
မင်းပင်လယ်ထဲကျသွားလို့ငါကယ်ထားရတာ
"YOU FELL DOWN INTO THE SEA AND I SAVED YOU."
မသေလို့တော်သေးတာပေါ့ကွာ
"WHAT A RELIEF YOU ARE STILL ALIVE."
ကျေးဇူးပဲငကြွက်ရေ
"THANK YOU NGA KYAUT."

www.facebook.com/themyawadydaily



# စိတ်ထားအလှ ကောင်းကျိုးရ

**ဦးငယ်**

ဟိုး . . . ရှေးအခါတစ်ပါးတုန်းက ဗာရာဏသီတိုင်းတွင် သူဌေးကြီး ဦးဘောဂနှင့် ဒေါ်မယ်လှတို့တွင် မယဉ်ကျေးဆိုသော သမီးလေးတစ်ယောက်ရှိလေသည်။ သမီးလေးမယဉ်ကျေးအရွယ်ရောက်လာသော်လည်း မပြုံးမရယ်မျက်နှာထားတင်းတင်းနှင့် နေလေ့ရှိသည့်အတွက် မိဘနှစ်ပါးမှာ စိတ်မချမ်းမသာဖြစ်နေကြရရှာသည်။ အိမ်အလုပ်လည်း ဘာဆိုဘာမျှ ခိုင်းလို့မရသကဲ့သို့ ထစ်ခနဲဆို စိတ်ကောက်လို့သာ နေလေသည်။ ဒီကြားထဲ လူအများက "ဟယ် . . . အရုပ်ဆိုး အကျည်းတန်လိုက်တာ လွန်ပါရော" ဟု ပြောဆိုခြင်းခံရသည့်အခါ မယဉ်ကျေးသည် ဆွေ့ဆွေ့ခုန်ကာ ဒေါသဖြစ်ပြီး ရုန့်ရင်းကြမ်းတမ်းသည့် နှုတ်အမူအရာတွေကို ပြောတတ်လေသည်။

သည်လိုနှင့် တစ်နေ့ မယဉ်ကျေးလေးသည် သူ့ကိုယ်သူ အလှဆုံးဖြစ်အောင် ပြင်ဆင်ပြီး ဟိုတွေးသည်တွေးနှင့် မှေးခနဲအိပ်ပျော်သွားလေသည်။ အိပ်မက်ထဲတွင် အလွန်သာယာလှပသည့် နတ်ရေကန်တစ်ကန်သို့ ရောက်သွား၏။ မယဉ်ကျေးလည်း အိုက်စပ်စပ်ဖြစ်နေသည့်အတွက် ရေဆင်းချိုးရန် ကြံရွယ်လိုက်သည်နှင့်တစ်ပြိုင်နက် ရေကန်စောင့်နတ်သမီးတစ်ပါးပေါ်လာပြီး "ရေကန်ထဲမဆင်းပါနဲ့၊ ဒီရေကန်က စိတ်ထားလှသူတို့သာ ရေဆင်းချိုးလို့ရပါတယ်၊ တကယ်လို့ ဒီရေကန်မှာ ရေချိုးချင်ရင် တစ်လတင်းတင်းပြည့်တဲ့အခါ ပြန်လာခဲ့ပါ"လို့ ပြောဆိုပြီး ပျောက်ကွယ်သွားလေသည်။

အလှအပကြိုက်သည့် မယဉ်ကျေးလေးသည် အိမ်ရောက်သည့်အခါ စိတ်မကောက်၊ စိတ်မဆိုးမိအောင် သတိကြီးစွာနေထိုင်လာခဲ့ရာ တစ်လပြည့်သည့်နေ့တွင် နတ်ရေကန်ဆီ ပြန်သွားလေသည်။ ထိုအခါ နတ်သမီးက "မယဉ်ကျေးအနေနှင့် စိတ်မကောက်၊ စိတ်မဆိုးတာတော့ မှန်ပေမယ့် မပြည့်စုံသေးဘူး၊ ဒီတော့ သုံးလတင်းတင်းပြည့်သည့်နေ့မှပဲ ပြန်လာခဲ့ပါ" လို့ ဆိုလေသည်။

မယဉ်ကျေးလေးဟာ စိတ်မကောင်းစွာဖြင့် ပြန်လာခဲ့ပြီး "အင်း . . . စိတ်မဆိုး၊ စိတ်မကောက်မဖြစ်ဖို့ဘဲ အဓိကထားခဲ့တာကိုး၊ တကယ်တော့ ငါဟာ မိဘတွေကို ဘာဆိုဘာတစ်ခုမျှ မကူညီခဲ့ဘူး၊ ပတ်ဝန်းကျင်နဲ့လည်း တည့်အောင်မပေါင်းတော့ မေတ္တာတရားခေါင်းပါးတာနေမှာပဲ၊ ဒီတော့လို့ တွေးမိပြီး သည့်နောက်ပိုင်းတွေမှာ မိဘနှစ်ပါးကို ခြေဆုပ်လက်နယ်ပြုစုခြင်း၊ ပတ်ဝန်းကျင်နှင့် ခင်မင်အောင်နေထိုင်ခြင်း၊ အိမ်ဝေယျာဝစ္စများကို ကူညီလုပ်ပေးလေသည်။ မောသွားလျှင် သီချင်းလေး တအေးအေးနှင့် စိတ်အပန်းကိုဖြေလေသည်။ သည်လိုနှင့် သုံးလပြည့်သွားသည့်နေ့တွင် မယဉ်ကျေးသည် နတ်ရေကန်ဆီ သွားပြန်လေသည်။ သို့သော် နတ်ရေကန်မှ နတ်သမီးကို ချက်ချင်းမတွေ့ရသော်လည်း မယဉ်ကျေးသည် စိတ်ရှည်ရှည်ထားကာ သည်းခံပြီး စောင့်နေလေသည်။

နောက်ဆုံးနေ့တစ်ဝက်ကျိုးလောက်မှ ရေကန်မှ ရေကန်စောင့်နတ်သမီးပေါ်လာပြီး "ဩော် . . . အလှဘုရင်မလေး ရောက်နေမှကိုး" လို့ ဆိုသည့် နှုတ်ဆက်သံကို ကြားရပြီး အံ့ဩသွားကာ "ရှင်"လို့ လွှတ်ခနဲ ဆိုမိသည်။ နတ်သမီးက ရေကြေးမုံပြင်ထဲက မယဉ်ကျေး၏ပုံရိပ်ကို လက်ညှိုးထိုးပြလိုက်သည့်အခါ မယဉ်ကျေးလေးသည် ဟန်မဆောင်နိုင်ဘဲ "ဟယ် . . . ဒါ . . . ဒါ ကျွန်မပုံ"လို့ မေးသည့်အခါ နတ်သမီးက "ဟုတ်ပ၊ အလှဘုရင်မလေးရယ်၊ တကယ်တော့ ရယ်ရွှင်မြူးခြင်းသည် ရုပ်ဆင်းအင်္ဂါကို နုပျိုလန်းဆန်းစေသလို၊ ပျူငှာစွာပြောဆိုဆက်ဆံမှုသည်လည်း အများ၏ချစ်ခင်ခြင်းကိုခံရခြင်း၊ တစ်ခါ မိဘများအပေါ် ကူညီလုပ်ဆောင်ပြုစုခြင်းသည် ၃၈ ဖြာမင်္ဂလာတရားနဲ့ညီတာမို့ မြင့်မြတ်သည့် အကျိုးတရားကို ရစေတာပဲ မယဉ်ကျေး"လို့ ပြောဆိုပြီး ကွယ်ပျောက်သွားလေသည်။

မယဉ်ကျေးသည် အိပ်မက်မှနိုးလာသောအခါ 'ဟာ. . . ငါ အိပ်မက်မက်နေတာပါလား' လို့ တွေးမိပြီး ထိုနေ့မှစ၍ နတ်သမီးလေးဆိုဆုံးမသည့်အတိုင်း ကျင့်ကြံနေထိုင်ခဲ့သဖြင့် နောက်ဆုံး အများသူငါတို့၏ သည်းပွတ်ပမာ အလှဘုရင်မလေးအဖြစ် ရရှိခံစားရလေသည်။

► စာမျက်နှာ ၁၇မှ အဖြေမှန်

| | | | |
|---|---|---|---|
| 1. Television | 5. Rose | 9. Bag | 13. Telephone |
| 2. Ruler | 6. Aeroplane | 10. Trunk | 14. Ship |
| 3. Stomach | 7. Envelope | 11. Banjo | 15. Goat |
| 4. Photograph | 8. Tank | 12. Butterfly | 16. Ring |

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# REWARD OF GOOD CONSCIENCE

**H.K**

Once upon a time in Varana, there was a rich man U Baw Ga and his wife Daw Mai Hla had a daughter named Ma Yin Kyay. Though Ma Yin Kyay came of age, her facial expression was stern and never smile. So her parents were very anxious about her daughter's future. She did not do any household and had a short temper.

When someone remarked her as: "What a ugly girl she is!", her anger exploded and retorted with rude words.

One day Ma Yin Kyay beautified herself and later she slept. In the dream she came to a beautiful lake. As she felt warm she managed to take a bath. At that time a fairy, who was the guardian of the lake, appeared and said: "Don't get into the water. Only a good natured damsel could take a bath. If you want to take a bath in this lake come back after one months duration."

Then the fairy disappeared.

Ma Yin Kyay returned home and she tried to control her temper. In this way one was passed by. She went back to the lake. Then the fairy appeared and said:" Please come back here exactly three months later."

Ma Yin Kyay returned home with disgust. She thought herself:" I've controlled only my mind to be a good one. But I haven't helped my parents. I'll be alone among hatred if I am not sociable with others."

So she looked after her parents and paid respect them. She associated with others politely. When she felt tired she relaxed herself and sing a melodious song. Gradually three months had passed. Ma Yin Kyay went back to the lake. But she did not find the fairy. She waited patiently.

At noon the fairy appeared and greeted her; "Queen of Beauty has just arrived." She was astonished and amazed at the fairy's greeting. The fairy pointed her reflection in the water.

Ma Yin Kyay was unable to control her excitement any longer and said: "Is it my own reflection?" The fairy replied; "Yes, of course, Miss Queen of Beauty. In reality smiling transforms you to a young and graceful girl living harmoniously with others is blessed one. Helping your parents fulfill your wish and that means living with the instruction of 38-auspicious doctrines." Then the fairy disappeared.

Ma Yin Kyaw woke up and said: "Alas! It is a dream!" From that day on she behaved herself as the fairy had advised her. Later she became a Queen of Beauty and admired by all.

---

# မြန်မာဗန်းစကားများသုံးစွဲတတ်စေရန်

**ရွှေအိ**

ဓားစာခံသည် = မိမိ၏ပယောဂမပါသောအမှုအတွက် ဆိုးကျိုးကိုခံရသည်။

ဓားစာခံသည်ဟူသော မြန်မာဗန်းစကား၏အဓိပ္ပာယ်မှာ မိမိ၏ ပယောဂမပါသော အမှုအတွက် ဆိုးကျိုးကို ခံရသည်ဟု အဓိပ္ပာယ်ရလေသည်။ ဆိုလိုသည်မှာ ဓားပြများသည် နေအိမ်တစ်အိမ်အား ဝင်ရောက်လုယက်တိုက်ခိုက်ပြီးနောက် ထွက်ခွာသွားသောအခါ လိုက်လံဖမ်းဆီးသူများက ရန်တုံ့မမူနိုင်စေရန် အိမ်ရှင်တစ်ဦးဦးအား သူတို့နှင့်အတူ ခေါ်သွားတတ်ကြလေသည်။ အကယ်၍ ရွာသားများမှ လိုက်လံ၍ တိုက်ခိုက်လျှင် ထိုဖမ်းဆီးသွားသူကို ရှေ့မှတင်၍ ကာကွယ်မှုပြုလုပ်ခြင်း၊ ဖမ်းဆီးခံရသူမှ ရှေးဦးစွာ ခံရမည်ဖြစ်ပေသည်။ ထိုသို့ဖမ်းဆီးခံရသူကို 'ဓားစာခံ'ဟု ခေါ်လေသည်။ ထိုအကြောင်းအရာကို အစွဲပြု၍ မိမိ၏ပယောဂမပါဘဲ အကြောင်းမဲ့နစ်နာခံရခြင်းကို ဆိုလိုပါက 'ဓားစာခံသည်'ဟု ဗန်းစကားသုံးနှုန်းလိုက်သည်နှင့် လူအများသိရှိနားလည်ပြီးဖြစ်ပေသည်။

www.facebook.com/themyawadydaily

# မိုးသောက်ပန်းအဖွဲ့ဝင်များ ဖိတ်ခေါ်ခြင်း

## မိုးသောက်ပန်းအဖွဲ့ဝင်ပုံစံ

၁။ အနယ်နယ်အရပ်ရပ်ကမိုးသောက်ပန်းဂျာနယ်ကို ဖတ်ရှုအားပေးကြတဲ့ သားတို့၊ သမီးတို့အတွက် သတင်းကောင်းလေးပါးပါရစေ။

၂။ ဦးဦးတို့ မိုးသောက်ပန်းဂျာနယ်ဟာ မကြာခင်ကာလအတွင်း ပိုမိုကောင်းမွန်တဲ့ အစီအစဉ်တွေနဲ့ ထုတ်ဝေသွားဖို့ စီစဉ်နေတဲ့သတင်းပါပဲ။ အဲဒီလို ထုတ်ဝေဖို့ စီစဉ်နေချိန်မှာ မိုးသောက်ပန်းချစ်သူ သားတို့၊ သမီးတို့အတွက် မိုးသောက်ပန်း အဖွဲ့ဝင်များဖြစ်အောင် ဦးဦးတို့ဂျာနယ်က ဘေးမှာပုံစံလေး ပေးထားပါတယ်။ အဲဒီ ပုံစံလေးကိုဖြတ်ယူပြီး ဦးဦးတို့ ဂျာနယ်ကို ဓာတ်ပုံ (၁)ပုံနဲ့အတူ ပြန်ပို့ပေးပေါ့ကွယ်။ ပြန်ပို့ပေးရမယ့် လိပ်စာလေးကိုလည်း အောက်မှာ ဖော်ပြ ပေးထားပါတယ်။ (အဖွဲ့ဝင်သားတို့၊ သမီးတို့၏ ဓာတ်ပုံနှင့် လိပ်စာကို ဂျာနယ်မှာ ဖော်ပြပါမည်။)




၁။ အမည် ____________

၂။ မွေးသက္ကရာဇ် ____________

၃။ လူမျိုး/ဘာသာ ____________

၄။ မိဘအမည် ____________

၅။ ပညာအရည်အချင်း ____________

၆။ ကျောင်း ____________

၇။ ဝါသနာပါရာ ____________

၈။ ဆက်သွယ်ရန်လိပ်စာ ____________

(အပြည့်အစုံ) ____________

၉။ ရည်မှန်းချက် ____________

တာဝန်ခံစာတည်း (မိုးသောက်ပန်းဂျာနယ်)
အမှတ်(၁၅)၊ တပ်မြေ၊ မိုးကောင်းလမ်း၊
၁၅ ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၉ ၃၂၄၉၈၇၁၆၊ ၀၉ ၃၀၃၆၇၅၆၂။

ရန်ကုန်ရုံးခွဲ
အမှတ်(၁၈၁)၊ ၃၂ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၉ ၃၂၄၉၈၇၁၄။

---

## မြဝတီစာပေတိုက်

## မိုးသောက်ပန်းဂျာနယ်ဝယ်ယူရရှိနိုင်သော ဆိုင်များစာရင်း

| စဉ် | အကြောင်းအရာ | မြို့ | ဖုန်း |
|---|---|---|---|
| | စစ်ကိုင်းတိုင်းဒေသကြီး | | |
| ၁ | ဦးချစ်စရာ | အင်းတော် | ၀၉၇၇၈၈၃၁၈၆၄ |
| ၂ | ဦးသောင်းညွန့် | ကျွန်းလှ | ၀၇၅ ၅၉၁၀၃ |
| ၃ | ဦးဇော်မင်း | မော်လူး | ၀၇၅ ၆၅၁၄၇ |
| ၄ | ဦးတင်ငွေ | မင်းကင်း | ၀၁၀ ၄၀၁၀၉၀<br>၀၉၂၆၀၄၆၀၇၇၄ |
| | မကွေးတိုင်းဒေသကြီး | | |
| ၅ | ပုလဲစာပေ | တောင်တွင်းကြီး | ၀၆၃ ၅၀၄၂၀ |
| ၆ | ဦးနေလင်း | နတ်မောက် | ၀၉၂၅၆၀၉၂၃၂၃ |
| ၇ | မျိုးဆက်သစ်စာပေ | မကွေး | ၀၆၃ ၂၇၂၄၃ |
| | မန္တလေးတိုင်းဒေသကြီး | | |
| ၈ | ထွန်းဦးစာပေ | မန္တလေး | ၀၂ ၃၉၈၉၁၊<br>၀၂ ၃၉၈၀၁ |
| ၉ | နဂါးစာပေ | မန္တလေး | ၀၂ ၃၆၇၄၅ |
| | ဧရာဝတီတိုင်းဒေသကြီး | | |
| ၁၀ | ဦးခင်စိုး | မြန်အောင် | ၀၄၄ ၅၀၃၅၈၊<br>၀၉၂၅၀၅၆၉၇၇၃ |

| စဉ် | အကြောင်းအရာ | မြို့ | ဖုန်း |
|---|---|---|---|
| ၁၁ | ဦးကျော်ဝင်း | လပွတ္တာ | ၀၉၃၁၁၆၉၅၄၇ |
| ၁၂ | ဒေါ်ကြည်ကြည်စိန် | ဇလွန် | ၀၉၄၅၁၂၄၀၅၂၄ |
| | ရှမ်းပြည်နယ် | | |
| ၁၃ | မျိုးဆွေစာပေ | ညောင်ရွှေ | ၀၉၃၂၃၃၃၈၄၇,၀၈၊<br>၀၈၁ ၂၀၉၃၁၆ |
| | ရန်ကုန်တိုင်းဒေသကြီး | | |
| ၁၄ | ခိုင်ဇင်ဦး | ရွှေဂုံတိုင် | ၀၁ ၅၅၂၈၀၃ |
| ၁၅ | ဦးအောင်မောင်း | ပန်းဆိုးတန်း | ၀၁ ၂၄၃၂၈၃၊<br>၀၉၈၅၀၁၅၃၈ |
| ၁၆ | သီတာ-၁ | ပန်းဆိုးတန်း | ၀၁ ၃၈၄၉၃၉ |
| ၁၇ | မြသော်တာစာပေ | ပန်းဘဲတန်း | ၀၁ ၃၈၂၂၁၉ |
| ၁၈ | ဦးစိုးအောင် | ကျောက်တံတား | ၀၁ ၂၅၃၂၅၅ |
| ၁၉ | စာပေဗိမာန် | ရန်ကုန် | ၀၁ ၂၄၉၀၃၁ |
| | ပဲခူးတိုင်းဒေသကြီး | | |
| ၂၀ | ဦးမြဦး(မြအလင်္ကာ | ပေါက်ခေါင်း | ၀၅၃ ၄၅၅၆၈၊ |
| | စာဥယျာဉ်) | | ၀၉၂၅၃၃၇၃၁၆၀ |
| ၂၁ | အောင်မြင်စာပေ | လက်ပံတန်း | ၀၅၃ ၃၂၂၄၁၊<br>၀၅၃ ၃၂၆၄၉ |

www.facebook.com/themyawadydaily










## မျိုးသုဉ်းပျောက်ကွယ်တော့မည့် အလွန်ကျော်ကြားသော သတ္တဝါများအကြောင်း

### ၉။ ကြိုးကြာငှက် (Crane)

၁၉၃၈ ခုနှစ် လေ့လာချက်များအရ ကြိုးကြာငှက်ကောင်ရေသည် အနည်းငယ်သာကျန်တော့သည်။ သူတို့ကို ဖမ်းဆီးခြင်းနှင့် လျော့နည်းအောင်ပြုလုပ်ခြင်းတို့သည် အကောင်အရေအတွက် လျော့နည်းစေခဲ့သည်။ ကျန်ရှိသည့် ကြိုးကြာငှက်များအား ကယ်တင်ရန် ကြိုးပမ်းမှုများအား စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ ယနေ့တွင် ငှက်အကောင်ရေ(၄၀၀) အထက်တွင်ရှိတော့သည်။ ဖလော်ရီဒါတွင် မွေးမြူရေးနေရာ(၂) ခုတွင် လှောင်အိမ်၌သားဖောက်ခြင်းနှင့် ပြန်လည်မျိုးပွားခြင်းကို လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည်။ ကိုယ်ပိုင်မွေးမြူခြင်း တစ်ခုအဖြစ်လည်း ဆောင်ရွက်ကြသည်။ ကနေဒါနိုင်ငံ၊ အယ်လ်အက်စတာနှင့်အမေရိကန်နိုင်ငံ၊ တက္ကဆက်တို့ကြားတွင် နေရာဒေသများ ပြောင်းရွှေ့ပြီး အကောင်အရေအတွက်တိုးခြင်း၊ ကိုယ်ပိုင်မွေးမြူခြင်းများကို ဆောင်ရွက်လျက်ရှိသည်။



### ၁၀။ ပန်ဒါဝက်ဝံကြီး (Giant Panda)

ပန်ဒါဝက်ဝံကြီးခေါ် ဝက်ဝံမျိုးကို တရုတ်နိုင်ငံအနောက်ပိုင်းတို့တွင် တွေ့ရသည်။ ပန်ဒါဝက်ဝံကြီးမျိုးသည် ဝက်ဝံအငယ်စားအရွယ်ခန့်ရှိသည်။ တရုတ်နိုင်ငံအနောက်ပိုင်း ဝါးရုံတောများတွင် တွေ့နိုင်သည်။ အမြီးသည် ငုတ်တိုကလေးသာ ရှိသည်။ ခြေလုံးတုတ်၍ ခြေဖဝါးကြီးသည်။ ဖြူသော ကိုယ်လုံးတွင် လက်ပြင်တစ်ဝိုက်၌ အမည်းရစ်ကြီးရှိသည်။ ခြေထောက်၊ နားရွက်၊ မျက်စိပတ်လည်တွင် မည်းနေရကား ကြောင်ကြောင် ကျားကျား ရှိသည်။ အသားစားသတ္တဝါမျိုးစုတွင်ပါဝင်သော ပန်ဒါများသည် ဝါးပင်ကို အဓိကစားသုံးကာ ပန်ဒါရိုင်းများသည် အခြားသောမြက်ပင်များ၊ သစ်ဖု များနှင့် ရှဉ့်ကဲ့သို့ အကောင်ငယ်များကိုပင် ရံဖန်ရံခါ စားသုံးလေ့ရှိသည်။ သက်တမ်းမှာ နှစ် ၂၀ရှည်ပြီး ပန်ဒါရိုင်းများသည် သဘာဝတောထဲတွင် နှစ် ၃၀ထိ အသက်ရှည်နိုင်သည်။ ပန်ဒါကြီးများသည် တောရိုင်းထဲတွင် ရှင်သန်နေထိုင်သော မျိုးနွယ်များဖြစ်ပြီး ပုံမှန်အားဖြင့် နေရာပိုင်နက် သတ်မှတ်ကာ သီးခြားနေထိုင်တတ်ကြသည်။



တရုတ်နိုင်ငံ တောရိုင်းမြေများ၌ ၎င်းတို့သည် မိသားစုလိုက် နေထိုင်ကြသည်။ ယခုအခါတွင် ဝက်ဝံများသည် မျိုးသုဉ်းမည့် အခြေအနေသို့ ကျရောက်လာပြီဖြစ်သည်။ ဝက်ဝံများ နေထိုင်ရာ ဒေသများကို အကာအကွယ်ပေးခြင်းနှင့် ဥပဒေမဲ့ဖမ်းဆီးခြင်း စသည့် တားမြစ်ချက်များကို ၁၉၈၀ ပြည့်နှစ်တွင် စတင်ပြဋ္ဌာန်းခဲ့ ပါသည်။ သို့သော်လည်း စားကျက်မြေများ နည်းပါးလာခြင်း၊ အနာရောဂါဖြစ်ခြင်း၊ ဖမ်းဆီးစားသောက်ခံရခြင်းနှင့် အစားအစာ ငတ်ခြင်း စသည်တို့ကြောင့် မျိုးသုဉ်းမှုများဖြစ်ပေါ်လာသည်။



www.facebook.com/themyawadydaily

www.facebook.com/themyawadydaily









မေပြည့်စုံ စုစည်းတင်ပြသည်။

# မိမိဝန်းကျင်မှ သစ်သီးဝလံများ

## သစ်တော်သီး (Pear)

ပေ၂၅၀၀ထက်မြင့်သော သမပိုင်းဒေသများတွင် စိုက်ပျိုးကြသည်။ ပန်းသီးမျိုးရင်းဝင် အပင်မျိုး၏ အသီးဖြစ်သည်။ အသီးမှာ ခွံစိမ်းမျိုးနှင့် ခွံညိုမျိုးဟူ၍ ၂ မျိုးရှိသည်။အရည်ရွှမ်းပြီး အသားကျစ်သော အဖြူရောင်အတွင်းသားရှိသည်။ အရသာမှာချိုသည်။ ခွံစိမ်းမျိုးကို ဇွန်လမှ ဩဂုတ်လအတွင်းဆွတ်ခူးနိုင်သည်။ ခွံညိုမျိုးကို ဩဂုတ်လမှ စက်တင်ဘာလအတွင်း ဆွတ်ခူးနိုင်သည်။ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်တို့တွင် ခြံကြီးများဖြင့် အကြီးအကျယ်စိုက်ပျိုးကြသည်။

The pear tree is grown in temperate regions above 2500 feet. It is related to the Apple family. It has roughly 2 varieties; green-skinned fruit and brown-skinned fruit. Its white flesh is firm, juicy and tastes sweet. Green-skinned pears can be plucked from June to August and brown-skinned pears can be plucked from August to September. This tree is cultivated in orchards of Shan, Kachin and Chin States.

# ကလေးတို့အတွက် ပုံပြအဘိဓာန်

ရွှေဝါဦး

## Pencil

A pencil is a thin piece of wood with a stick of black lead in the middle. A pencil is used for writing or drawing.

### ခဲတံ

ခဲတံဆိုသည်မှာ သစ်သားကို ပြုလုပ်ထားသော အချောင်းဖြစ်ပြီး အလယ်တွင် အမည်းရောင်ခဲဆန့်ပါသည့် ခဲတံကို စာရေးရန်နှင့် ပုံဆွဲရာတွင် အသုံးပြုသည်။



## Pilot

A pilot is a person who flies an aircraft.

### လေယာဉ်မှူး

လေယာဉ်မှူးဆိုသည်မှာ လေယာဉ်ကို မောင်းနှင်သူကိုခေါ်သည်။



## Pineapple

A pineapple is a large fruit with a thick, rough skin.



### နာနတ်သီး

နာနတ်သီးဆိုသည်မှာ ကြီးမားသောအသီးတစ်မျိုးဖြစ်ပြီး၊ အခွံမှာထူ၍ ကြမ်းနေသည်။

## Pink

Pink is a colour. Poula wear a new pink dress.



### ပန်းရောင်

ပန်းရောင်သည် အရောင်တစ်မျိုးဖြစ်သည်။ ပေါ်လာ(Poula)သည် ပန်းရောင် အသစ်ဝတ်စုံကို ဝတ်ဆင်သည်။

www.facebook.com/themyawadydaily


PHOE KHAE SEIN AND
LAY LAY PAR NAUK
STORY : POE YUUN (NORTH OKKALA)
CARTOON : KO NGE
TR : TRIPLE A
"WHAT DO YOU WANT TO EAT MY LITTLE SON PHOE KAE SEIN? TELL LAY LAY."
"I MIGHT HEAR WRONGLY."
"ARE YOU OKAY LAY LAY?"
"I AM AS FIT AS A FIDDLE."
"I WONDER YOU TALKED RAMBLINGLY BECAUSE I HAVEN'T HEARD BEFORE."
"I GOT A SCHOOL TEACHER JOB."
"I WANT TO TREAT YOU FOR IT."
"IF SO I HAVE A CHANCE TO EAT."
"BY THE WAY, THERE ARE LESS MALE TEACHERS NOWADAYS."
"IT MIGHT BE THE REASON."
"THERE ARE A LOT OF FEMALE TEACHERS."
"IS IT? LAY LAY DOESN'T KNOW ABOUT IT."


"WHEN YOU WANT TO STUPID, YOU CAN STUPID AT ONCE."
"I TRY TO SERVE MY COUNTRY AS MUCH AS I CAN."
"DON'T MOCK ME."
"BY THE WAY,"
"HOW MANY TEACHERS IN YOUR SCHOOL LAY LAY?"
"HMM...ALL ARE FEMALE TEACHERS."
"I AM THE ONLY ONE MALE TEACHER."
"HMM!...IT MIGHT BE A PROBLEM."
"WHAT KIND OF TROUBLE IS IT?"
"AS FOR LAY LAY EVERYTHING IS PLEASANT."
"HOW DISGUSTING THE SALIVA IS!"
"I SAID IT MIGHT BE A PROBLEM BECAUSE YOU USED TO STARE EVERY GIRL SO THAT I WORRY ABOUT THE TEACHERS IN YOUR SCHOOL."

# ကွက်လပ်ဖြည့်ရင်း လေ့လာကြမယ်

ခင်(ရှက္ခ) စုစည်းတင်ပြသည်။

ကဲ သားသား၊ မီးမီးတို့ရေ

မိုးသောက်ပန်းဂျာနယ်မှာ အပတ်စဉ် ပုံပြအဘိဓာန်ကို ဆက်တိုက်ဖော်ပြခဲ့ပါတယ်။ ဒီတစ်ခါမှာတော့ သားသား၊ မီးမီးတို့က ဖော်ပြပေးခဲ့တဲ့ ပုံပြအဘိဓာန်ကို ဘယ်လောက်လေ့လာခဲ့တယ်ဆိုတာနဲ့ ကျောင်းသင်ခန်းစာမှာလည်းအထောက်အကူ ဖြစ်အောင် ပြန်လည်ဆန်းစစ်ရင်း အောက်မှာဖော်ပြပေးတဲ့ ကွက်လပ်ဖြည့်လေးတွေကို လေ့ကျင့်ရအောင်နော်-

| | | | |
|---|---|---|---|
| 1.  Tele_ _sion | 2.  R_ _er | 3.  St_m_ _h | 4.  Ph_t_gr_ ph |
| 5.  R_s_ | 6.  Ae_op_ ane | 7.  En_el_p_ | 8.  Ta_k |
| 9.  B_g | 10.  Tr_ _k | 11.  B_nj_ | 12.  Bu_ _erf_y |
| 13.  T_lep_o_e | 14.  S_ip | 15.  Go_t | 16.  R_ng |


ညှိုင်းနဲ့ ရေ...
WAVE AND WATER
CARTOON : YAN GYI AUNG
TR : TRIPLE A
"WAVES ARE STRIKING ALONG THE SEA SHORE."
"CHO GYI, YOUR FATHER WILL COME BACK SOON. YOU GO AND FETCH HIM,OKAY."
"ALRIGHT."
ဖေကြီးရေ
"DEAR FATHER."
သား ချိုကြီး
"MY SON CHO GYI."
"FATHER DID YOU BUY A CORN FOR ME?"
"OF COUSE, I DID."
THEN,
"MOTHER, I WANT TO VISIT YOE YOE LAY'S HOUSE."
"HEY THERE ARE HOUSE HOLD CHORES TO DO."
ခဏလေးပါ
"JUST A WHILE ONLY."
ဟာ..ချိုကြီး
"HUH!, CHO GYI!"
"I WILL FOLLOW MY FATHER TO HELP IN THE CULTIVATED LAND."

www.facebook.com/themyawadydaily






www.facebook.com/themyawadydaily

# အထွေထွေ ဗဟုသုတ

ထက်ဘုန်း



## ကမ္ဘာ့အကြီးမားဆုံး ဘာသာရေးအဆောက်အအုံ ကာနက်ခ်(Karnak Temple)

ကာနက်ခ်(Karnak) ဘာသာရေးအဆောက်အအုံကြီးသည် အီဂျစ်နိုင်ငံတွင် တည်ရှိသည်။ ၎င်းအဆောက်အအုံကြီးသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော ရှေးဟောင်းဘာသာရေးအဆောက်အအုံကြီးတစ်ခုဖြစ်သည်။ ကာနက်ခ်ဘာသာရေးအဆောက်အအုံ၏ လက်ရာအများစုကို ဘီစီ ၁၅၇၀ မှ ဘီစီ ၁၁၀၀ အတွင်း အီဂျစ်နိုင်ငံတွင် စိုးစံခဲ့သော ဖာရိုဘုရင်များက တည်ဆောက်ခဲ့ကြသည်။ ၎င်းဘုရားကျောင်းတွင် အဓိကကျောင်းအဆောက်အအုံသုံးခု ပူးတွဲတည်ဆောက်ထားသည့် သေးငယ်သောကျောင်းများနှင့် များပြားလှသော ပြင်ပကျောင်းအဆောက်အအုံများပါဝင်သည်။ ကာနက်ခ်ဘာသာရေးအဆောက်အအုံဝင်းအတွင်း အထင်ရှားဆုံးသော လက်ရာများအနက် တစ်ခုမှာ အောက်သို့လျှောကျနေသည့်ပုံစံ ဆောက်လုပ်ထားသည့် (Great Hypostyle Hall)ခန်းမဆောင်ဖြစ်သည်။ ၎င်းခန်းမဆောင်သည် ၅၀၀၀ စတုရန်းမီတာ (၅၀,၀၀၀ စတုရန်းပေ)ကျယ်ဝန်းပြီး ကြီးမားသော တိုင်လုံးကြီး ၁၃၄ လုံးကို အတန်း ၁၆ တန်း တည်ဆောက်ထားသည်။ ၎င်းဘုရားကျောင်းကို ကမ္ဘာ့ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့ကြီးက ရှေးဟောင်းအမွေအနှစ် နေရာတစ်ခုအဖြစ် သတ်မှတ်ထားရှိသည်။

## ဆီမီယန်တောင်တန်းအမျိုးသားဥယျာဉ် (Simien Mountains National Park)



ဆီမီယန်တောင်တန်းအမျိုးသားဥယျာဉ်ကြီးသည် အီသီယိုပီးယားနိုင်ငံတွင် တည်ရှိသည်။ ၎င်းဥယျာဉ်ကြီးသည် သဘာဝဥယျာဉ်ကြီးတစ်ခုလည်းဖြစ်သည်။ ၎င်းဥယျာဉ်ကြီးသည် အီသီယိုပီးယားနိုင်ငံ၏ အမ်ဟာရာဒေသရှိ ဆီမီယန်မြောက်ပိုင်း ဂွန်ဒါဇုန်အတွင်းတွင် တည်ရှိသည်။ ဥယျာဉ်ကြီး၏အကျယ်အဝန်းမှာ ၂၂၀ စတုရန်းကီလိုမီတာ ကျယ်ဝန်းလေသည်။ ထိုဒေသသည် မျိုးသုဉ်းပျောက်ကွယ်မည်ကို စိုးရိမ်ရသောသတ္တဝါမျိုးစိတ်အများအပြား နေထိုင်ရာနေရာဖြစ်ပြီး အီသီယိုပီးယားဝံပုလွေနှင့် ကမ္ဘာပေါ်ရှိ အခြားမည်သည့်နေရာတွင်မှ မရှိသော ဝါလီယာအိုင်ဘက်စ်အမည်ရှိ ဆိတ်ရိုင်းတို့လည်းရှိသည်။ ဥယျာဉ်ကြီးအတွင်း ဂျယ်ဘာဒါဘာတွန်းမျောက်မျိုးနှင့် ကဲရကယ်တောကြောင်များကိုလည်း တွေ့ရသည့်အပြင် ဥယျာဉ်ကြီးအတွင်း ငှက်အမျိုးပေါင်း ၅၀ ကျော် နေထိုင်ကြလေသည်။ ၎င်းအပြင် လမ်မာဂေယာခေါ် မုတ်ဆိတ်မွေးပါ လင်းတမျိုးများလည်း နေထိုင်ကြသည်။ ဥယျာဉ်ကြီးအား ကမ္ဘာ့ကုလသမဂ္ဂယူနက်စကို အဖွဲ့ကြီးက ၁၉၇၈ ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နေရာအဖြစ် သတ်မှတ်ခဲ့သည်။

## သမိုင်းဝင်အေသင်ရဲတိုက်ကြီး (Acropolis of Athens)

အေသင်ရဲတိုက်ကြီး(Acropolis of Athens) သည် ဂရိနိုင်ငံ၊ အေသင်မြို့တွင် တည်ရှိသည်။ ၎င်းရဲတိုက်ကြီးသည် ရှေးခေတ် ဂရိနိုင်ငံ၏ခံတပ်အဖြစ် တောင်ကုန်းမြင့်မြင့်ပေါ်တွင် တည်ဆောက်ထားရှိသည်။ ၎င်းရဲတိုက်ကြီးအား ဘီစီ ၆၀၀၀ ခန့်က တည်ဆောက်ခဲ့သည်ဟု ရှေးဟောင်းပညာရှင်တို့က ယူဆခဲ့သည်။ အဆိုပါရဲတိုက်ကြီးသည် ဂရိနိုင်ငံတွင် အရေးပါဆုံးရဲတိုက်ကြီးဖြစ်နိုင်ဖွယ်ရှိလေသည်။ အေသင်ရဲတိုက်ကြီးသည် အေသင်မြို့အထက် ကျောက်တုံးများထူထပ်သော ကုန်းမြင့်ကမူလေးပေါ်တွင် တည်ရှိသည်။ ကမ္ဘာ့ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့ကြီးက ၁၉၈၅ ခုနှစ်တွင် ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် သတ်မှတ်ခဲ့သည်။ အေသင်ရဲတိုက်ကြီးသည် ဥရောပတွင် အထင်ရှားအကျော်ကြားဆုံး အဆောက်အအုံကြီးတစ်ခု ဖြစ်သည်။

